# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂၃- ၁၀ - ၂၀၁၂ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **မင်းပြားမြို့နယ်၊ ဝင်းဇားကျေးရွာအုပ်စု၊ လောင်မီးရွာနှင့် ရန်ကုန် - စစ်တွေကားလမ်းတို့ ဆက်သွယ်သည့်လမ်းမှာ မြစ်ရေတိုက်စား၍ ကမ်းပြိုရာတွင် ပါဝင်သွားပါသဖြင့် လမ်းသစ်ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **စည်ပင်သာယာ ဦးစီးဌာန သားသတ်လိုင်စင်ကိစ္စနှင့် ပတ်သက်ပြီး အောက်ခြေတွင် သဘော ကွဲလွဲမှု ရှိနေပါ၍ မည်ကဲ့သို့ စီမံသင့်သည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ပန်းတနော်-ဂုံမင်း-တောကျောင်း ကျောက်ခင်းလမ်းပေါ်ရှိ ငါးရစ်ချောင်းတံတား၊ ဦးဒီချောင်းတံတားနှင့် ညောင်နှစ်ပင်သစ်သားတံတားများကို ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးညာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **ရေကြည်မြို့နယ်အတွင်းရှိ ချင်းကုန်း-ချောင်းဖျား-ငါးပိဆိပ် ကျောက်ချောလမ်းမကြီးအား ပြီးမြောက်စေရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများအား ရာသီမရွေး သွားလာနိုင်သည့် လမ်းများအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မင်းတပ်မြို့၏ မြို့ပတ်လမ်းကို ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ရေဖြူမြို့နယ်အတွင်းရှိ ပုလဲကူ-ရေဖြူ-ကျောက်ထောင့်-နတ်ကွင်း ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးဆန်းရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **နိုင်ငံတော်အစိုးရမှ ဝေးလံခက်ခဲ၍ ဝန်ထမ်းလစာ(၂)ဆ ခံစားခွင့်ပြုသင့်သော ဒေသ၊ မြို့နယ်များ မကျန်ရှိအောင် ထပ်မံလေ့လာစိစစ်၍ အမှန်တကယ်ပေးသင့်သည့် မြို့နယ်များကို ဆက်လက်ခွင့်ပြုသင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

( ခ ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ဂ ) ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)

(ဃ) ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)

( င ) ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( စ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(ဆ) ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

( ဇ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

၇။ ဦးစောမြဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) (တိုင်းရင်းသားရေးရာ ကော်မတီ)၏ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်း သတ်မှတ်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဦးခက်ထိန်နန် (အတွင်းရေးမှူး၊တိုင်းရင်းသားရေးရာကော်မတီ)က အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် စတုတ္ထနေ့အစည်းအဝေး ရပ်နားကြောင်း နှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း။